Berghof Foundation

Fight for Humanity

# မူဝါဒအကျဉ်းချုပ်

## စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း- လက်နက်ကိုင်နှင့် နိုင်ငံရေး လှုပ်ရှားမှုများမှ ထိန်းချုပ်ထားသော နယ်မြေများရှိ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရေးနှင့်ပတ်သက်သော အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

မူဝါဒအကျဉ်းချုပ်

ဒီဇင်ဘာ ၂၀၂၂ ခုနှစ်

### မူဝါဒအကျဉ်းချုပ်သည် မည်သည့်အကြောင်းအရာဖြစ်သနည်း။

ဤမူဝါဒအကျဉ်းချုပ်သည် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (WPS) အစီအစဉ်၊ အထူးသဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အကာအကွယ်ပေးမှုနှင့် ၎င်းတို့၏ ပူးပေါင်းပါဝင်မှုကို သေချာစေရေးတွင် တာဝန်ယူဆောင်ရွက်သူများအနေနှင့်သော်လည်းကောင်း အကောင်အထည်ဖော်ဆောင်သူများ အနေနှင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည့် လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများ (APMs) ၏ အခန်းကဏ္ဍကို ကျွန်ုပ်တို့ ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်စေရန်ရည်ရွယ်ပါသည်။ဤမူဝါဒအကျဉ်းချုပ်သည် နိုင်ငံတကာမှ ပါဝင်လုပ်ဆောင်သူများအနေနှင့် APM များမှထိန်းချုပ်ထားသော နယ်မြေများရှိ WPS မူဝါဒများနှင့် လက်တွေ့ကျင့်သုံးမှုများအပေါ် ပိုမိုကောင်းမွန်စွာနားလည်နိုင်ရန်နှင့် အထောက်အကူများပေးနိုင်ရန် တိကျသော အကြံပြုချက်များလည်း ပေးပါသည်။ ဤအစပျိုးစမ်းသပ်လေ့လာမှုသည် မြန်မာနိုင်ငံရှိ APM နှစ်ခုကိုသာ အာရုံစိုက်ထားသော်လည်း ၎င်း၏သက်ရောက်မှုများသည် ကမ္ဘာတစ်ဝှမ်းရှိ WPS အသိုက်အဝန်းနှင့် မူဝါဒရေးရာဆောင်ရွက်သူများနှင့်လည်း သက်ဆိုင်ပြီး အကျိုးရှိမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

### ဤခေါင်းစဉ်သည် အဘယ်ကြောင့် သက်ဆိုင်သနည်း။

အဖွဲ့ဝင်နိုင်ငံများမှ WPS အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် သိသာထင်ရှားသောတိုးတက်မှုများ ရရှိခဲ့သော်လည်း အစီအစဉ်ကို အပြည့်အဝ အကောင်အထည်မဖော်နိုင်သေးပါ - ၎င်းကို အစိုးရအုပ်ချုပ်ရေး ပြင်ပရှိ ပဋိပက္ခနယ်မြေများတွင် ဆက်လက် အကောင်အထည်ဖော်နိုင်ပါသည်။ အထူးသဖြင့် လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသော သို့မဟုတ် လွှမ်းမိုးထားသော နယ်မြေများတွင် ခန့်မှန်းခြေ လူဦးရေ သန်း ၁၅၀ ခန့် နေထိုင်နေရခြင်းကြောင့် ဤအကြောင်းအရာသည် ၎င်းနှင့်သက်ဆိုင်သည်။အဓိက အကြံပြုချက်များ

### မည်သူ့အတွက် အရေးကြီးသနည်း။

မူဝါဒအကျဉ်းချုပ်သည် မူဝါဒချမှတ်သူများ၊ အလှူရှင်များနှင့် နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများ (CSOs) အပါအဝင် နိုင်ငံတကာ WPS အသိုက်အဝန်းအား အဓိကရည်ညွှန်းပါသည်။ APM များ၏ ထိန်းချုပ်မှု သို့မဟုတ် လွှမ်းမိုးမှုအောက်ရှိ နယ်ပယ်များရှိ WPS အစီအစဉ်ကို အာရုံစိုက်သည့် ပညာရှင်များအပြင် အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေသော ဒေသခံ CSO များနှင့် APM များ၏ အဖွဲ့ဝင်များလည်း ၎င်းကို စိတ်ဝင်စားမှုရှိပါသည်။

### အဓိက အကြံပြုချက်များ

နိုင်ငံတကာ WPS အသိုင်းအဝိုင်းသည် အောက်ပါတို့ကိုပြုလုပ်သင့်သည် -

- WPS အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သောကြောင့် ပြည်တွင်း CSO များ အထူးသဖြင့် အမျိုးသမီးအဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်း၍ ပံ့ပိုးကူညီခြင်း
- WPS အစီအစဉ်နှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ရာတွင် APM များမှ အမျိုးသမီးနှင့် အမျိုးသား ခေါင်းဆောင်များကို ပါဝင်စေခြင်း
- APM များအတွင်းရှိ အမျိုးသမီးများအတွက် ပံ့ပိုးကူညီမှုစနစ်တစ်ရပ် တည်ဆောက်ရန်နှင့် အကောင်အထည်ဖော်ရန် ကူညီပံ့ပိုးပေးခြင်း
- APM များအတွင်းရှိ အမျိုးသမီးများအတွက် ပံ့ပိုးကူညီမှုစနစ်တစ်ရပ် တည်ဆောက်ရန်နှင့် အကောင်အထည်ဖော်ရန် ကူညီပံ့ပိုးပေးခြင်း
- ရပ်ရွာအသိုင်းအဝိုင်းအတွင်း အသိပညာပေးရေးနှင့် စည်းရုံးရေး လှုပ်ရှားမှုများကို လုပ်ဆောင်ခြင်း
- WPS အစီအစဉ်နှင့်ပတ်သက်၍ ဖလှယ်ရန်အတွက် နေရာများကို ဖန်တီးရန် ကူညီခြင်း
- မှတ်တမ်းတင်ခြင်းများပြုလုပ်ပေးပြီး ပြန်လည် ဆင်ခြင်သုံးသပ်မှု လုပ်ဆောင်ရန် အားပေးခြင်း
- APM များနှင့်အတူ WPS နှင့်ပတ်သက်၍ အားလုံးပါဝင်ဆောင်ရွက်မှု သုတေသနကို ပံ့ပိုးခြင်း

© မူပိုင်ခွင့်၊ Berghof Foundation Operations gGmbH နှင့် Fight for Humanity, 2022. ခုနှစ်။ ဤစာစောင်တွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များသည် စာရေးသူ၏ သဘောထားများသာဖြစ်ပြီး Berghof Foundation Operations gGmbH နှင့် Fight for Humanity ၏ အမြင်များနှင့် မသက်ဆိုင်ပါ။

# မာတိကာ


3 1. နိဒါန်း

5 2. သုတေသနလုပ်ငန်းစဉ်မှ အဓိကလေ့လာတွေ့ရှိချက်များ

8 3. သုတေသန ရှာဖွေတွေ့ရှိချက်များမှ အဓိက သင်ခန်းစာများ

12 4. နိုင်ငံတကာ CSOများ၊ အလှူရှင်များနှင့် မူဝါဒရေးဆွဲသူများအတွက် အကြံပြုချက်များ

15 ကိုးကားချက်များနှင့် ထပ်မံလေ့လာရန် စာရွက်စာတမ်းများ

16 **Fight for Humanity နှင့် Berghof Foundation ၏အကြောင်း**





Berghof Foundation နှင့် Fight for Humanity မှ ထုတ်ဝေသည်။ 2022 **ခုနှစ် ဒီဇင်ဘာ။**

ဤစာစောင်သည် "စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း -လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ကို အကောင်အထည်ဖော်ရာတွင် လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများ၏ အခန်းကဏ္ဍ" ဟူသည့် စီမံကိန်းလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အဖွဲ့အစည်းနှစ်ခုမှလုပ်ဆောင်၍ German Federal Foreign Office (GFFO) မှပံ့ပိုးပေးသည်။

Federal Foreign Office

ဒီဇိုင်းနှင့် အဆင်အပြင် - www.kathleenmorf.ch

ဘာသာစကားတည်းဖြတ်ခြင်းနှင့် စာပြင်ခြင်း - Carrie Grace Littauer

ကိုးကားချက် - Ann-Kristin Sjöberg၊ Véronique Dudouet၊ Katharina Schmitz၊ Tilman Papesch.
စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း- လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများမှ ထိန်းချုပ်ထားသော နယ်မြေများရှိ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရေးနှင့်ပတ်သက်သော အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ။ မူဝါဒအကျဉ်းချုပ်။ Berghof Foundation နှင့် Fight for Humanity 2022 ခုနှစ် ဒီဇင်ဘာ။



Berghof Foundation and Fight for Humanity

**Berghof Foundation**
**Operations gGmbH**
Lindenstraße 34
10969 Berlin
Germany
www.berghof-foundation.org

**Fight for Humanity**
150 route de Ferney
1211 Geneva 2
Switzerland
www.fightforhumanity.org



# 1. နိဒါန်း

2000 ခုနှစ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အရေးပါသောအခန်းကဏ္ဍကို အသိအမှတ်ပြုသောအားဖြင့် အရေးကြီးသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်သည့် ဆုံးဖြတ်ချက် အမှတ် 1325 –ကို အတည်ပြုခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်၏ ရည်ရွယ်ချက်မှာ ကုလသမဂ္ဂစနစ်နှင့် ၎င်း၏အဖွဲ့ဝင်နိုင်ငံများရှိ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများအရေး လုပ်ဆောင်ရာတွင် ကျားမရေးရာ အကဲဆတ်သော ချဉ်းကပ်မှုနည်းလမ်းဖြင့် အဓိကထားလုပ်ဆောင်ရန်ဖြစ်သည်။ ဤနှစ်များတွင် ပဋိပက္ခနှင့် ပဋိပက္ခအလွန် ကာလများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကာကွယ်စောင့်ရှောက်ရေးနှင့် အဆင့်မြှင့်တင်ရေးတို့အတွက် လိုအပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်ကာ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး (WPS) အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ သို့သော် အဖွဲ့ဝင်နိုင်ငံများမှ WPS အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် သိသာထင်ရှားသော တိုးတက်မှုများရရှိခဲ့သော်လည်း အစီအစဉ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပေ- ထို့ကြောင့် ၎င်းကို အစိုးရအုပ်ချုပ်ရေးပြင်ပရှိ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ပါ အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ဆောင်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် လက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်မှု သို့မဟုတ် လွှမ်းမိုးမှုရှိသော ဧရိယာများတွင် ခန့်မှန်းခြေ လူသန်း ၁၅၀ ခန့် နေထိုင်ကြပြီး ၎င်းတို့အနက် ၅၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများနှင့် မိန်းကလေးများဖြစ်သောကြောင့် ယင်းသည် အထူးအရေးပါသည် (Hebert နှင့် Drevon 2021:1026)။

ဤမူဝါဒရှင်းလင်းချက်သည် အထူးသဖြင့် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် အမျိုးသမီးနှင့် မိန်းကလေးငယ်များအား အကာအကွယ်ပေးမှုနှင့် ပူးပေါင်းပါဝင်မှုကို သေချာစေရန် လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများ (APM များ)[1] ၏ WPS အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်သူအဖြစ် ပါဝင်နေသည့် အခန်းကဏ္ဍနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏နားလည်မှုကို မြှင့်တင်ရန်ရည်ရွယ်ပါသည်။ ဤအစီရင်ခံစာသည် APM များမှထိန်းချုပ်ထားသော နယ်မြေများအတွင်း WPS မူဝါဒများနှင့် လက်တွေ့ကျင့်သုံးမှုများအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ နားလည်သဘောပေါက်မှုနှင့် ပံ့ပိုးမှုမြှင့်တင်ပေးနိုင်သည့် နည်းလမ်းများအတွက် တိကျသောအကြံပြုချက်များ ပေးထားပါသည်။ အောက်ပါတွေ့ရှိချက်များနှင့် အကြံပြုချက်များကို German Federal Foreign Office (GFFO) ၏ ငွေကြေးပံ့ပိုးမှုဖြင့် Fight for Humanity နှင့်

1 လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများသည် သတ်မှတ်ထားသည့် ဖွဲ့စည်းတည်ဆောက်မှုပုံစံရှိပြီး နိုင်ငံရေးရလဒ်များအတွက် လက်နက်ကိုင်လမ်းစဉ်ကို အသုံးပြုသည့် လွတ်လပ်သော အဖွဲ့အစည်းများအဖြစ် ကျွန်ုပ်တို့မှ နားလည်ထားကြပါသည်။ သုတေသနပြုလုပ်ခဲ့သည့် ပါဝင်လုပ်ဆောင်သူ အချို့သည် တစ်စိတ်တစ်ဒေသ/ပူးတွဲအုပ်ချုပ်ခွင့်ရ ပြည်နယ်များအဖြစ် လည်ပတ်ကြပြီး ၎င်းတို့၏ နည်းဗျူဟာပိုင်းအရ အင်အားအသုံးပြုခြင်း တစ်ခုတည်းအပေါ်တွင်သာ အခြေခံ၍ သတ်မှတ်မှုအပေါ် ကန့်ကွက်ကြခြင်းကြောင့် ဤအစီရင်ခံစာအတွက် ကျွန်ုပ်တို့သည် သမရိုးကျ ရည်ညွှန်းခေါ်ဝေါ်သော 'အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့' ဟူသော အသုံးအနှုန်းကို အသုံးမပြုပါ။

Berghof Foundation မှ 2022 ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိပြုလုပ်ခဲ့သော အစပျိုးစမ်းသပ်လေ့လာမှုမှ အဓိကရယူခဲ့ပါသည်။ အဆိုပါလေ့လာမှုသည် မြန်မာနိုင်ငံရှိ APM နှစ်ဖွဲ့ကိုသာ အထူးပြုထားသောလည်း[2] ၎င်း၏သက်ရောက်မှုသည် ကမ္ဘာတစ်ဝှမ်းရှိ WPS အသိုင်းအဝန်းနှင့် မူဝါဒရေးဆွဲသူများအတွက်လည်း အကျိုးသက်ရောက်မည်ဟု ယုံကြည်ပါသည်အ

သုတေသန အစီရင်ခံစာ (Zin Mar Phyo 2022) အပြင် သုတေသန၏ ရလဒ်အဖြစ် *Women on the Margins*[3] ဟု အမည်ပေးထားသည့် ပြည်တွင်းမှတ်တမ်းရုပ်သံတစ်ခုကိုလည်း ထုတ်လုပ်နိုင်ခဲ့သည်။ သုတေသနရလဒ်များကို ဂျီနီဗာ ငြိမ်းချမ်းရေးရက်သတ္တပတ်နေ့ဖြစ်သည့် 2022 ခုနှစ် နိုဝင်ဘာလ 3 ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ မူဝါဒချမှတ်သူများနှင့် အွန်လိုင်းမိတ်ဆက်ပွဲအခမ်းအနားများအတွင်း ပြသခဲ့ပြီး 2022 ခုနှစ် ဒီဇင်ဘာ 8 ရက်နေ့တွင်လည်း GFFO နှင့် ဆွေးနွေးမှုတွင် ပြသခဲ့ပါသည်။ သုတေသနရလဒ်မိတ်ဆက်ပွဲအခမ်းအနားများကို APM နှစ်ခုလုံးမှ ခေါင်းဆောင်များနှင့်အတူ ကျင်းပခဲ့ကြသည့်အပြင် (2022 ခုနှစ် နိုဝင်ဘာ 18 ရက်နေ့တွင် ပြုလုပ်သည့် အွန်လိုင်းဆွေးနွေးပွဲနှင့် 21 ရက်နေ့ ထိုင်းနိုင်ငံ မဲဟောင်ဆောင်မြို့တွင် ပြုလုပ်သည့် လူတွေ့ဆွေးနွေးပွဲ) 2022 ခုနှစ် နိုဝင်ဘာလ 26 ရက်နေ့တွင်လည်း ဘန်ကောက်မြို့တွင် တက်ရောက်သူအများအပြားနှင့်အတူ မိတ်ဆက်ပွဲကျင်းပခဲ့သည်။

Fight for Humanity နှင့် Berghof Foundation သည် GFFO ၏ပံ့ပိုးကူညီမှုဖြင့် 2023 ခုနှစ်တွင် WPS အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းနှင့် ပက်သက်၍ APM များ၏ အခန်းကဏ္ဍကို ဆက်လက်သုတေသန ပြုလုပ်သွားမည်ဖြစ်ပြီး အဓိကအားဖြင့် မြန်မာနိုင်ငံအတွက် အကောင်အထည်ဖော်လုပ်ဆောင်ခြင်းနှင့် ယှဉ်မင်နိုင်ငံအခြေအနေနှင့် ပတ်သက်သည့် သုတေသနအသစ်များ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့ပြင် ဤအကြောင်းအရာနှင့်ပတ်သက်၍ မူဝါဒသက်ရောက်မှုများကို မြှင့်တင်ရန်အတွက် အခြားသော ပဋိပက္ခဖြစ်ပွားရာ သို့မဟုတ် စစ်ပြီးကာလ အခြေအနေများနှင့် ပတ်သက်၍ လုပ်ဆောင်နေသော ကမ္ဘာလုံးဆိုင်ရာ WPS လှုပ်ရှားဆောင်ရွက်သူများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည် ဖြစ်သည်။

2 တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း သို့မဟုတ် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းဟူသော ဝေါဟာရသည် မြန်မာနိုင်ငံတွင် လှုပ်ရှားနေသော လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများကို ရည်ညွှန်းရာတွင် အများအားဖြင့်သုံးနှုန်းသည်။ ဤမူဝါဒအကျဉ်းချုပ်သည် မြန်မာတစ်နိုင်ငံတည်းအတွက်မဟုတ်ပဲ ကမ္ဘာတစ်ဝှမ်းကိုအာရုံစိုက်သောကြောင့် ဤစာတမ်းတွင် APM ဟူ၍ ရည်ညွှန်းသုံးနှုန်းထားသည်။

3 https://youtu.be/k3-ZL4yN8oI. တွင် ကြည့်ရှုနိုင်ပါသည်။

# 2. သုတေသနလုပ်ငန်းစဉ်မှ အဓိကသင်ခန်းစာများ

## 2.1 နည်းစနစ်

2021 ခုနှစ်တွင် Fight for Humanity နှင့် Berghof Foundation တို့သည် ဂျီနီဗာရှိ Graduate Institute of International and Development Studies တွင် ကျောင်းသားများနှင့်အတူ အသုံးချသုတေသန အစီစဉ်တစ်ခုကိုစတင်ခဲ့သည်။ (ထုတ်ဝေမထားသော) လေ့လာသုတေသနမှ ပြန်လည်သုံးသပ်မှုပြုလုပ်နေသည့် APM အများစုသည် WPS အစီစဉ်အား ကိုင်တွယ်ရာတွင် အပြုသဘောဆောင်သော ခြေလှမ်းအချို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ဖော်ပြထားသော်လည်း ၎င်းတို့၏ သုံးပုံတစ်ပုံကသာ အသေးစိတ်ရေးသားထားသော စည်းမျဉ်းများအပါအဝင် ခိုင်မာသော ကတိကဝတ်များကို လက်တွေ့အကောင်အကောင်အထည်ဖော် ဆောင်ရွက်မှုရှိကြသည်။ အထူးသဖြင့် APM များ၏ WPS အပေါ် နားလည်မှုနှင့် ၎င်းတို့အပေါ် လွှမ်းမိုးမှုရှိသည့် အကြောင်းရင်းအချက်အလက်များနှင့် ပါဝင်လုပ်ဆောင်သူများကဲ့သို့သော ပိုမိုရှုပ်ထွေးသည့် ရှုထောင့်များနှင့်ပတ်သက်သည့် အရည်အသွေးပြည့်ဝသော ဒေတာများလိုအပ်ကြောင်း သုတေသနမှ ထောက်ပြထားသည်။ ၎င်းသည် မတူညီသောချဉ်းကပ်မှုနည်းလမ်းများ လိုအပ်ကြောင်းကို ဖော်ညွှန်းသည်။ ထို့ကြောင့် ပြင်ပလူများ၊ အထူးသဖြင့် နိုင်ငံခြားသားသုတေသီများ ဝင်ရောက်ရန် ပို၍ခက်ခဲသောနေရာများတွင် ဒေတာစုဆောင်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ဖြန့်ချီခြင်းအတွက် အားလုံးအတူတကွပါဝင်နိုင်သည့် နည်းစနစ်ကို အသုံးပြုခြင်းဖြင့် ထိုကွာဟချက်ကို ဖြည့်ဆည်းရန် ရှေ့ပြေးသုတေသနစီမံကိန်းကို ဖန်တီးခဲ့ပါသည်။

APM များသည် နိုင်ငံတဝှမ်းတွင် ကြီးမားသောနယ်မြေများကို ထိန်းချုပ် အုပ်ချုပ်ထားခြင်းနှင့်- 2021 ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် ထိန်းချုပ်နယ်မြေ ပိုမိုတိုးများလာခြင်းကြောင့် - မြန်မာနိုင်ငံသည် APM များ၏ အမျိုးသမီးနှင့် မိန်းကလေးများ၏အခွင့်အရေးကို မြှင့်တင်သည့် ကြိုးပမ်းအားထုတ်မှုများကို လေ့လာအကဲဖြတ်ရန်နှင့် အားပေးကူညီရန်အတွက် အားလုံးအတူတကွပါဝင်သည့် အတွင်းကျကျလေ့လာသုံးသပ်မှုနှင့် မူဝါဒရေးရာ ဆွေးနွေးမှုများပြုလုပ်ရန် အထူးသင့်လျော်သော အနေအထားတစ်ခုဖြစ်အဖြစ် သုံးသပ်မိသည်။ ထို့အပြင် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းအများအပြားသည် အဆိုပါလှုပ်ရှားမှုများနှင့် ချိတ်ဆက်ထားသောကြောင့် ၎င်းတို့သည် လေ့လာဆန်းစစ်ခြင်းနှင့် စည်းရုံးရေးလုပ်ငန်းများအတွက် သင့်လျော်သော လမ်းကြောင်းများအဖြစ် ရှိနေသည်။ သုတေသနကို ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့ အသီးသီးအုပ်ချုပ်ကြသော ထိုင်း-မြန်မာနယ်စပ်ရှိ တိုင်းရင်းသားနယ်မြေနှစ်ခုတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သုတေသနအဖွဲ့သည် မြန်မာ/ထိုင်း၊ ဘာလင်နှင့် ဂျနီဗာတို့တွင် ဖြန့်ကျက်ကာ သုတေသနနည်းနာကို ဒီဇိုင်းဆွဲခြင်း၊ အချက်အလက်များ စုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ခြောက်လကျော်ကြာ ပြုလုပ်ခဲ့သည်။ APM ခေါင်းဆောင်များနှင့် ဆက်စပ်အမျိုးသမီးအဖွဲ့အစည်းများအား တွေ့ဆုံမေးမြန်းမှုများမှ တစ်ဆင့် လှုပ်ရှားမှုများ၏ WPS အစီအစဉ်ကို အကောင်အထည်ဖော်မှုနှင့်ဆက်နွယ်သည့် ခံယူချက်များ၊ စည်းမျဉ်းများ၊ အလေ့အကျင့်များ၊ လိုအပ်ချက်များ၊ တိုးတက်မှုနှင့် စိန်ခေါ်မှုများကို ကျွန်ုပ်တို့ လေ့လာဆန်းစစ်ခဲ့ပါသည်။

ထိုလုပ်ဆောင်မှုတွင် ပုံစံရေးဆွဲခြင်း၊ ဒေတာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းအဆင့်များအတွက် လှုပ်ရှားမှုတစ်ခုစီမှ အဖွဲ့ဝင်နှစ်ဦးက (ခေါင်းဆောင်ခွင့်ပြုချက်ဖြင့်) 'အဖွဲ့အစည်းအတွင်းမှ ကျွမ်းကျင်ပညာရှင်များ' အဖြစ်ပါဝင်ခဲ့သည်။ ၎င်းတို့၏ ပါဝင်ပံ့ပိုးမှုသည် ဒေသနှင့် ရင်းနှီးကျွမ်းဝင်မှုကို တိုးမြှင့်စေပြီး လှုပ်ရှားမှုများထံမှ ပူးပေါင်းမှု၊ လိုလားမှုနှင့် ပံ့ပိုးမှုများ ပိုမိုရရှိစေခဲ့သည်။ ဒေတာစုဆောင်းခြင်းလုပ်ငန်းစဉ်ကို ပြည်တွင်းသုတေသီမှ ဦးဆောင်၍ အဖွဲ့အစည်းအတွင်းမှ ကျွမ်းကျင်ပညာရှင်များနှင့်အတူ KNU နှင့် KNPP နယ်မြေများသို့ သွားရောက်ကာ APM များ၏ ခေါင်းဆောင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်း (CSO) များ၊ ရပ်ရွာလူထုအချို့၊ မြန်မာနိုင်ငံရှိ အမျိုးသမီးလှုပ်ရှားမှုနှင့် ပြင်ပမှ ကျွမ်းကျင်ပညာရှင်များစသည့် အဖွဲ့အစည်းနှင့် နယ်ပယ်အသီးသီးမှ အမျိုးသမီး ၂၈ ဦးနှင့် အမျိုးသား ၁၉ ဦးတို့အား semi-structured အင်တာဗျူးပုံစံဖြင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

သုတေသနလုပ်ငန်းစဉ်မှ ကျွန်ုပ်တို့ အဓိက လေ့လာတွေ့ရှိရသောအချက်မှာ သုတေသနနည်းစနစ်တွင် စိတ်ဝင်စားဖွယ် အားသာချက်များ ရှိနေခြင်းပင်ဖြစ်သည် - ဒေသခံသုတေသီများနှင့် ကျွမ်းကျင်ပညာရှင်များမှ တွေ့ဆုံမေးမြန်မှုပြုလုပ်သည်ဖြစ်၍ ပိုမိုယုံကြည်စိတ်ချရသည်ဟု ယူဆသောကြောင့် ရရှိလာသော ဒေတာများသည် အရေအတွက်သာမက အရည်အသွေလည်း ပိုမိုကောင်းမွန်သည်။ ထို့အပြင် အဖွဲ့အစည်းအတွင်းမှ ကျွမ်းကျင်သူပညာရှင်များသည် သီအိုရီနှင့် လက်တွေ့ကျွမ်းကျင်မှု နှစ်ခုစလုံးရှိထားသဖြင့် ထိုအကြောင်းအရာအတွင်းမှ ၎င်းတို့၏ အသိပညာနှင့် အတွေ့အကြုံများဖြင့် ခွဲခြမ်းစိတ်ဖြာမှုကို ပြည့်စုံကြွယ်ဝစေပြီး ပါဝင်ပတ်သက်နေသော APM များကို ပိုမိုလက်လှမ်းမှီစေသည့်အပြင် ၎င်းတို့၏ လက်ခံမှုကိုလည်း ပိုမိုရရှိစေခဲ့သည်။ အောက်ဖော်ပြပါ ကဏ္ဍများတွင် ဤရှေ့ပြေးစီမံကိန်းအတွင်း အားလုံးပါဝင်လုပ်ဆောင်မှုဆိုင်ရာ သုတေသနကို ကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ပို၍အသေးစိတ်တင်ပြဆွေးနွေးပါမည်။

## 2.2 စိန်ခေါ်မှုများ

- **လုံခြုံရေး-** လှုပ်ရှားမှုနှစ်ခုစလုံးသည် လေကြောင်းတိုက်ခိုက်မှုနှင့် ပစ်ခတ်မှုအပါအဝင် ပြင်းထန်သော တိုက်ပွဲများနှင့် တိုက်ခိုက်မှုများကြောင့် စိုးရိမ်ရသည့် အခြေအနေတွင်ရှိနေကြပြီး သုတေသီများအတွက် အချို့သော နယ်မြေများ (အထူးသဖြင့် မြန်မာနိုင်ငံအတွင်းပိုင်း) သို့သွားရောက်ရန် အခက်အခဲများဖြစ်စေသည်။ လှုပ်ရှားမှုများမှ လုံခြုံရေးပံ့ပိုး ပေးသဖြင့် သုတေသီများသည် အဆိုပါကန့်သတ်ချက်အချို့ကို လျှော့ချနိုင်ခဲ့ပြီး ဒေသအဆင့်တွင် မူဝါဒကောင်အထည် ဖော်ဆောင်မှုဆိုင်ရာ အသေးစိတ် အချက်အလက်များကို စုဆောင်းရန်အတွက် အချို့သော နယ်ပယ်များသို့ ရောက်ရှိခဲ့ သည်။ ဤအခြေအနေသည် 'ပြင်ပ' ဧည့်သည်များ (လှုပ်ရှားမှုပြင်ပမှ) အတွက် ၎င်းသည် ဖြစ်နိုင်ချေသိပ်မရှိပါ။
- **နိုင်ငံရေးပြဿနာများကို ဦးစားပေးလုပ်ဆောင်ခြင်း-** စစ်ရေးအခြေအနေသာမက နိုင်ငံရေးအခြေအနေသည်လည်း စိန်ခေါ် မှုများရှိနေသည်ဖြစ်ရာ လှုပ်ရှားမှုများသည် တခါတရံ အမျိုးသမီးအခွင့်အရေးဆိုင်ရာ သုတေသနထက် အခြားအရေးကြီး သော နိုင်ငံရေး ကိစ္စရပ်များကို ဦးစားပေးလုပ်ဆောင်နေကြရသည်။ ပါဝင်သူအများစုသည် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ၎င်း တို့၏ အဖွဲ့အစည်းဆိုင်ရာ အလုပ်တာဝန်များဖြင့် အဆက်မပြတ်ခရီးသွားနေရပြီး အများအားဖြင့် အချိန်မရှိကြပေ။
- **အချိန်ကာလ-** အားလုံးပါဝင်သည့် လုပ်ငန်းစဉ်များသည် အချိန်ပေးရန် လိုအပ်ပြီး ညှိနှိုင်းဆောင်ရွက်မှုနှင့် တိုင်ပင် ဆွေးနွေးမှုများ လိုအပ်ပါသည်။ အကျိုးဆက်အနေဖြင့် အနာဂတ်စီမံကိန်းလုပ်ငန်းများသည် လုပ်ငန်းစဉ်တွင် ပိုမို ပါဝင်၍ ပါဝင်သူများ၏ ထင်မြင်ချက်ကို ထင်ဟပ်စေရန်အတွက် သုတေသနရလဒ်မိတ်ဆက်ဖြန့်ဝေခြင်းအစီအစဉ်များ အပါအဝင် ဒေတာကောက်ယူရန်၊ ခွဲခြမ်းစိတ်ဖြာရန်နှင့် တုန့်ပြန်ချက်များအတွက် အချိန်ပိုပေးသင့်သည်။
- **ဓမ္မဓိဋ္ဌာန်ကျခြင်း-** သုတေသနအဖွဲ့၏တစ်စိတ်တစ်ပိုင်းသည်လည်း လေ့လာမှု၏ ရည်ရွယ်ချက်အဖြစ် ပါဝင် သောကြောင့် ဓမ္မဓိဋ္ဌာန်ကျမှုအကန့်အသတ်များသည် အားလုံးပါဝင်သည့် သုတေသနနည်းနာများတွင် အလိုအလျောက် ပါဝင်လေ့ရှိသည်။[4] ထိုအကန့်အသတ်များကိုလျှော့ချရန် နိုင်ငံတကာအဖွဲ့ဝင်တစ်ဦးမှ ပြင်ပတွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် အချို့သောသုတေသနသည် WPS အစီအစဉ်နှင့်ပတ်သက်သည့် APM များ၏ အယူအဆများ အပေါ် နားလည်သဘောပေါက်မှုနှင့် ခံယူချက်များအပေါ် အဓိကအာရုံစိုက်ခြင်းကြောင့် မည်သည့် **'ဓမ္မဓိဋ္ဌာန်ကျ'သော** ဒေတာကိုမျှ မလိုအပ်ပါ။

## 2.3 အခွင့်အလမ်းများ

- **အကြောင်းအရာနှင့်ပတ်သက်၍** အကဲဆတ်သော **ထိတွေ့ဆက်ဆံမှု** - အဖွဲ့အစည်း အတွင်းမှ ကျွမ်းကျင်ပညာရှင် များ၏ ပံ့ပိုးမှုဖြင့် သုတေသနနည်းစနစ်နှင့် ဒေတာစုဆောင်းခြင်းဆိုင်ရာ နည်းကိရိယာများကို ယေဘုယျအားဖြင့် လှုပ်ရှားမှု၏ သဘောထားအမြင်များနှင့် ဒေသဆိုင်ရာ သတိထားရသည့်အရာများကို ပိုမိုကောင်းမွန်စွာ ထင်ဟပ်စေရန် စီစဉ်ခဲ့သည်။ ဥပမာအားဖြင့် မေးခွန်းလွှာများကို အချို့သောအကြောင်းအရာများနှင့် ဒေသခံဘာသာစကားများဖြင့် အံဝင်ခွင်ကျဖြစ်အောင် ပြုလုပ်ပေးထားသဖြင့် ပါဝင်သူများသည် အရေးပါသော မေးခွန်းမေးမြန်းရာတွင် ပို၍လက်ခံပြီး ပါဝင်ဖြေဆိုကြသည်။
- **ယုံကြည်စိတ်ချရသော ဆက်ဆံရေးများ** - အကြောင်းအရာနှင့်ပတ်သက်၍ အကဲဆတ်သော ထိတွေ့ဆက်ဆံမှု - အဖွဲ့ အစည်း အတွင်းမှ ကျွမ်းကျင်ပညာရှင်များ၏ ပံ့ပိုးမှုဖြင့် သုတေသနနည်းစနစ်နှင့် ဒေတာစုဆောင်းခြင်းဆိုင်ရာ နည်း ကိရိယာများကို ယေဘုယျအားဖြင့် လှုပ်ရှားမှု၏ သဘောထားအမြင်များနှင့် ဒေသဆိုင်ရာ သတိထားရသည့်အရာများ ကို ပိုမိုကောင်းမွန်စွာ ထင်ဟပ်စေရန် စီစဉ်ခဲ့သည်။ ဥပမာအားဖြင့် မေးခွန်းလွှာများကို အချို့သောအကြောင်းအရာများ နှင့် ဒေသခံဘာသာစကားများဖြင့် အံဝင်ခွင်ကျဖြစ်အောင် ပြုလုပ်ပေးထားသဖြင့် ပါဝင်သူများသည် အရေးပါသော မေးခွန်းမေးမြန်းရာတွင် ပို၍လက်ခံပြီး ပါဝင်ဖြေဆိုကြသည်။

---

4 အားလုံးပါဝင်သော သုတေသနဒီဇိုင်း၏ အဆိုပါကန့်သတ်ချက်ကို ပညာရပ်ဆိုင်ရာများတွင် အကျယ်တဝင့် ဆွေးနွေးခဲ့ပြီးဖြစ်သည် (Bergold and Thomas 2012 ကိုကြည့်ပါ)။ သို့ဖြစ်စေကာမူ ထူးခြားပြီး အတွင်းကျသော အချက်အလက်များကို ရယူရန် ဤနည်းစနစ်ကို ရည်ရွယ်ရွေးချယ်ခဲ့သည်။

အားလုံးပါဝင်သောနည်းစနစ်သည် ကျားမရေးရာအပေါ် ဒေသတွင်း ထင်မြင်ယူဆချက်ကဲ့သို့သော ထိရှလွယ်သော ကိစ္စရပ် အချက်အလက်များအပါအဝင် ပို၍အရည်အသွေးကောင်းမွန်သော အချက်အလက်များ ပိုမိုများပြားစွာရရှိနိုင်ရန် များစွာ အထောက်အကူပေးသည်။ ဤကိစ္စရပ်များအတွက် ပိုမိုကောင်းမွန်သော အချက်အလက်များရရှိခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီမှုအတွက် ပိုမိုကောင်းမွန်သော ဗျူဟာများကို ဖန်တီးနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် အဖွဲ့အစည်းအတွင်းမှ ကျွမ်းကျင်ပညာရှင်များနှင့် အတူတကွလုပ်ဆောင်ခြင်း၏ အဓိက အကျိုးကျေးဇူးတစ်ရပ်မှာ ဒေသဆိုင်ရာအဆင့်တွင် ၎င်းတို့နှင့်ပိုမိုရင်းနှီးကျွမ်းဝင်မှု ရရှိစေပြီး လှုပ်ရှားမှုထံမှ ပူးပေါင်းမှုများ၊ လိုလားမှုများနှင့် ပံ့ပိုးကူညီမှုများ ပိုမိုရရှိခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကျယ်ပြန့်စွာလက်ခံထားသော ရလဒ်များနှင့်အတူ ပို၍ အားလုံးပါဝင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လမ်းခင်းပေးကာ ရေရှည်တည့်တံ့ပြီး တရားမျှတသော ငြိမ်းချမ်း ရေးရရှိနိုင်ခြေကို တိုးမြင့်စေနိုင်သည်။

ကျွန်ုပ်တို့သည် ဤသုတေသနနည်းစနစ်ကို WPS အစီအစဉ်နှင့်ပတ်သက်သည့် တိုးတက်မှုနှင့် စိန်ခေါ်မှုများအပေါ်အခြေခံ သော လေ့လာမှုတစ်ရပ်ကို ပံ့ပိုးရန်နှင့် နောက်ထပ်လုပ်ဆောင်မှုများအား အားလုံးပါဝင်သောနည်းလမ်းဖြင့် ကြည့်ရှုသုံးသပ်နိုင် စေရန်အတွက် အသုံးပြုထားသော်လည်း ဤနည်းနားသည် အထူးသဖြင့် လူနည်းစုများ၏ အခွင့်အရေးများ သို့မဟုတ် ငြိမ်းချမ်း ရေး လုပ်ငန်းစဉ်များကဲ့သို့သော မတူညီသော ခေါင်းစဉ်အမျိုးမျိုးကို ကိုင်တွယ်ရာတွင်လည်း အသုံးပြုနိုင်ပေသည်။

နောက်လာမည့်အပိုင်းတွင် ရှေ့ပြေးစီမံကိန်းမှ ထွက်ပေါ်လာသည့် အခြားသော အခြေအနေ အကြောင်းအရာများ အတွက်လည်း ကျိုးကြောင်းဆီလျော်သည်ဟု ကျွန်ုပ်တို့ ယုံကြည်သော အဓိကလမ်းကြောင်းအချို့ကို ဆွေးနွေးသုံးသပ်ပါမည်။



# 3. သုတေသန ရှာဖွေတွေ့ရှိချက်များမှ အဓိက သင်ခန်းစာများ

ရှေ့ပြေးစီမံကိန်းသည် အထက်တွင်ဖော်ပြထားသည့် အားလုံးပူးပေါင်းပါဝင်မှုနည်းစနစ်မှတဆင့် **APM** များ၏ **WPS** အစီအစဉ်နှင့်ပတ်သက်၍ လက်တွေ့ကျသော အချက်အလက်များကို ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်သည်။ အထူးသဖြင့် အဖွဲ့အစည်းအတွင်း ထုတ်ပြန်ချက်များ၊ စည်းမျဉ်းများ၊ မူဝါဒများနှင့် အုပ်ချုပ်မှုအလေ့အထများအတွင်းသို့ **WPS** အကြောင်းအရာကို ထည့်သွင်းချိတ်ဆက်ရာတွင် ကြုံတွေ့ရသည့် တိုးတက်မှုနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ရန်၊ **WPS** အစီအစဉ်နှင့်ပတ်သက်သည့် ၎င်းတို့၏ ရပ်တည်ချက်သဘောထားများအပေါ် လွှမ်းမိုးမှုရှိသော အကြောင်းအရာများနှင့် ပါဝင်ဆောင်ရွက်သူများကို ခွဲခြားသတ်မှတ်ရန်နှင့် အဆိုပါ ပါဝင်ဆောင်ရွက်သူများ၏ ၎င်းတို့အဖွဲ့အစည်းတွင်း အမျိုးသမီးများ၏ ပါဝင်မှုနှင့် အကာအကွယ်ပေးရေးဆိုင်ရာ ကြိုးပမ်းမှုများ ပိုမိုအားကောင်းလာစေရန် ၎င်းတို့၏ လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများကို ပိုမိုနားလည်ရန် ရည်ရွယ်သည်။ ဤကဏ္ဍတွင် အခြားအကြောင်းအရာများအတွက်လည်း ကျိုးကြောင်းဆီလျော် ညီညွတ်နိုင်သည်ဟု ယုံကြည်ရသည့် မြန်မာနိုင်ငံ၏ သုတေသနတွေ့ရှိချက်များမှ ထွက်ပေါ်လာသော အဓိကလမ်းကြောင်းများကို သုံးသပ်ကြည့်ရှုထားပါသည်။

## 3.1 APM များ နှင့် WPS အစီအစဉ်

အဓိက တွေ့ရှိချက်တစ်ခုအရ လေ့လာထားသော လှုပ်ရှားမှုများသည် WPS အစီအစဉ်နှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် ပါဝင်ရန် ဆန္ဒရှိပြီး နောက်ထပ် ထိတွေ့ဆောင်ရွက်မှုများအတွက်လည်း လိုလားကြသည်။ ရှေ့ပြေးစီမံကိန်းရှိ APM နှစ်ခုစလုံးသည် အဖွဲ့အစည်းအတွင်းမှ ကျွမ်းကျင်သူများကို တာဝန်ပေးအပ်ပြီး ရာထူးကြီးအဆင့်များအထိ သုတေသန ဖြန့်ဝေလုပ်ဆောင်မှုအပိုင်းများတွင် ပါဝင်ခဲ့သည်။ သက်ဆိုင်ရာခေါင်းဆောင်များသည် အကြောင်းအရာနှင့်ပတ်သက်သည့် ဗဟုသုတအချို့ရှိကြပြီး WPS မဏ္ဍိုင်နှစ်ခုဖြစ်သည့် ပါဝင်မှုနှင့် အကာအကွယ်ပေးမှုတို့ကြားရှိ ဆက်စပ်မှုကို သိရှိနားလည်ကြသည်။ ထို့အပြင် လှုပ်ရှားမှုများသည် ၎င်းတို့၏နယ်မြေများအတွင်း အမျိုးသမီးများ၏ ပါဝင်မှုနှင့် အကာအကွယ်ပေးရေးတို့ကို မြှင့်တင်ရန် အရေးပါသော ခြေလှမ်းများကို လုပ်ဆောင်ခဲ့ကြသည်။ APM များသည် အမျိုးသမီးအဖွဲ့အစည်းများအား ၎င်းတို့၏ နယ်မြေများတွင် အလုပ်လုပ်ရန် တိုက်တွန်းအားပေးခြင်းဖြင့် ဤအကြောင်းအရာအား တိုက်ရိုက်နည်းလမ်းဖြင့် သာမက သွယ်ဝိုက်သောနည်းဖြင့်လည်း ချဉ်းကပ်ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်လေ့လာမှုနှစ်ခုကို အခြေခံပါက၊ APM များသည် အမျိုးသမီးများ၏ ပါဝင်မှုကိစ္စရပ်အား အထူးအရေးကြီးသည့် ကိစ္စအဖြစ် ထည့်သွင်းစဥ်းစားကြသည်ကို တွေ့ရှိရပါသည်- ၎င်းသည် 'အမျိုးသမီးရေးရာကိစ္စများ' ထက် ကျော်လွန်၍ အားလုံးပါဝင်သော ကိုယ်စားပြုမှုဆိုင်ရာ အယူအဆကို မြှင့်တင်ရန်အတွက် အခြေခံကောင်းတစ်ခုဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့၏နယ်မြေများရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ပိုမိုကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်ရန် ကတိကဝတ်ထားရှိမှုကို ထုတ်ဖော်ပြောကြားခဲ့ပြီး ပဋိပက္ခဖြစ်ပွားရာဒေသများရှိ အမျိုးသမီးများ၏ အထူးလိုအပ်ချက်များကို သဘောတူညီခဲ့ကြသည်- မည်သို့ပင်ဆိုစေကာမူ APM များသည် အမျိုးသမီးများ ပါဝင်မှုအပိုင်းတွင် ပြဿနာများရှိနေသည့်အလျောက် အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို တိကျသေချာစွာ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသေးပေ။

**ကောက်နှုတ်ချက်-**

- APM များသည် WPS အစီအစဉ်ကို တိုက်ရိုက်သာမက သွယ်ဝိုက်၍ပါ ထိတွေ့ပါဝင်ကြသည်။
- APM များသည် WPS အစီအစဉ်နှင့် ၎င်းကို ကျော်လွန်သည့် အခြားအကြောင်းအရာများအတွက် သုတေသနလုပ်ငန်းများတွင် ပါဝင်ရန် စိတ်ဝင်စားကြသည်။
- APM များသည် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုနှင့် အကာအကွယ်ပေးရေးဆိုင်ရာ အကောင်ထည်ဖော်လုပ်ဆောင်လိုစိတ်ကို ပြသကြသည်။

## 3.2 တိုးတက်မှုများနှင့် စိန်ခေါ်မှုများ

လေ့လာမှုနှစ်ခုအရ APM များအတွင်း ကနဦးအသိပညာမြှင့်တင်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများသည် နောက်ဆက်တွဲသင်တန်းများနှင့် ခေါင်းဆောင်မှုအဆင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် ကျား-မတန်းတူညီမျှမှုကို ထည့်သွင်းစဉ်းစားရန် အထောက်အကူဖြစ်စေသည်ကို တွေ့ရှိရသည်။ ဤအဖွဲ့အစည်းအတွင်း အသိအမြင်သည် တရားစီရင်ရေးစနစ် ပြုပြင်ပြောင်းလဲမှုများအတွင်း ကျားမရေးရာ ထည့်သွင်းစဥ်းစားမှုနှင့် ကျားမရေးရာ တုံ့ပြန်မှု ပိုမိုရရှိလာစေရန်လည်း အထောက်အကူဖြစ်စေသည်။ သုတေသနပြုချက်များအရ APM များ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအား ၎င်းတို့၏ ထိန်းချုပ်မှုအောက်ရှိ နယ်မြေများအတွင်းရှိ အမျိုးသမီးများထံ လက်လှမ်းမှီရောက်ရှိနိုင်မှု မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်မှုများ ရှိကြောင်းကိုလည်း သိရှိရသည်။

အဓိက တွေ့ရှိချက်များအနက် တစ်ခုမှာ၊ လှုပ်ရှားမှုများသည် အမျိုးသမီးအခွင့်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် ဝင်ရောက်ထိတွေ့ဆောင်ရွက်မှုများ ပြုလုပ်နိုင်သည့် CSO လမ်းကြောင်းများကို ဖွင့်လှစ်ပေးထားသည့်အတွက် ၎င်းတို့သည် မူဝါဒ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် စည်းရုံးလှုံ့ဆော်မှု လမ်းကြောင်းတစ်ခုအဖြစ်လည်း ဆောင်ရွက်ပေးခြင်းပင် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ သုတေသနပြုချက်များအရ အဖွဲ့အစည်းများသည် အမျိုးသမီးအခွင့်အရေး များကို ကိုယ်တိုင်ကိုင်တွယ်ဖြေရှင်းရန် အဖွဲ့အစည်းအတွင်း စွမ်းဆောင်ရည် နည်းပါးနေသေးကြောင်း တွေ့ရသည်။ စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ ပြဿနာများအပြင် အမျိုးသမီးများ၏ ပါဝင်မှုနှင့် အကာအကွယ်ပေးရေးတို့ကို မြှင့်တင်ရန် စံနှုန်းများနှင့် စည်းမျဥ်းစည်းကမ်းများ ပြဋ္ဌာန်းရန် ကနဦး ကြိုးပမ်းမှုများတွင် ကန့်သတ်ချက်များရှိနေဆဲဖြစ်ပြီး နောက်ထပ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများလုပ်ဆောင်ရန် လိုအပ်နေဆဲဖြစ်သည်။ APM များသည် အမျိုးသမီးများ၏ ထိခိုက်လွယ်သည့် အနေအထားများကို ကောင်းစွာနားလည်သဘောပေါက်ကာ ထိုအခြေအနေများကို ကိုင်တွယ်ဖြေရှင်းမှုများ လုပ်ဆောင်ရန် နည်းလမ်းကိရိယာများ(နိုင်ငံရေး၊ ဖွဲ့စည်းပုံ၊ အရင်းအမြစ်များစသဖြင့်) အလွန်နည်းပါးနေပါသည်- ထိုအစား ၎င်းတို့သည် GBV နှင့် အမျိုးသမီးများ၏ ပါဝင်မှုမြှင့်တင်ရေး အပါအဝင် အမျိုးသမီးရေးရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင်အမျိုးသမီးအဖွဲ့အစည်းများအပေါ် မှီခိုနေရသည်။

APM ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အမျိုးသမီးများပါဝင်မှု ကိုတာစနစ်ကို ထည့်သွင်းရေးဆွဲခြင်းသည် အမျိုးသမီးများ၏ပါဝင်မှုအတွက် လက်တွေ့ကျသော ကြိုးပမ်းအားထုတ်မှုများ ပိုမိုပြုလုပ်နိုင်စေပြီး အမျိုးသမီးများကို ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ပိုမိုပါဝင်လာစေခဲ့သည်။ သို့သော်၊ သုတေသန လုပ်ဆောင်ချက်သည် WPS အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်မှုရှိသည့် အဖွဲ့အစည်းအတွင်းရှိ တရားဝင်မူဝါဒများကို စိစစ်အကဲဖြတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့၏ အရေးပါမှုကို မီးမောင်းထိုးပြခဲ့သည်။ အမျိုးသမီးများသည် ၎င်းတို့၏ လိုအပ်ချက်များနှင့် အမျိုးသမီး အခွင့်အရေးများကို ကိုင်တွယ်ဆောင်ရွက်ရာတွင် ပိုမိုကြီးမားသည့် ရင်းနှီးအားထုတ်မှုများ ပြုလုပ်ကြသည်ကို တွေ့ရသော်လည်း များသောအားဖြင့် ၎င်းတို့သည် 'အမျိုးသမီးရေးရာ ကိစ္စရပ်များကို' သာ ကိုင်တွယ်ဆောင်ရွက်ကြရန် တာဝန်ပေးခြင်းခံကြရသည်။ ထို့ကြောင့် သုတေသနသည် အကြောင်းအရာ အသီးသီးနှင့် အဆင့်အားလုံးတွင် အမျိုးသမီးများ၏ ပါဝင်မှုကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း ဖော်ထုတ်ခဲ့သည်။ ထို့အပြင်၊ မိသားစုအား 'ကြည့်ရှုစောင့်ရှောက်မှုဝန်ထုပ်ဝန်ပိုး' ကြောင့် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုသည် အဟန့်အတားရှိနေဆဲ ဖြစ်ပြီး ၎င်းတို့အားအထောက်အကူဖြစ်စေမည့် မူဝါဒများဖြင့် ကိုင်တွယ်ဖြေရှင်းပေးရန် လိုအပ်သည်။

အလှူရှင်များကဲ့သို့သော ပြင်ပမှ ပါဝင်ဆောင်ရွက်သူများသည် အကာအကွယ်ပေးခြင်းထက် ပူးပေါင်းပါဝင်မှုကို ပိုမိုအလေးထားပုံရသည်။ ယင်းအတွက် အကြောင်းရင်းမှာ APM များနှင့် ဆက်စပ်နေသည့် (သို့မဟုတ် ဆက်စပ်သည်ဟု ယူဆရသည့်) မည်သည့်ကဏ္ဍ (ကျန်းမာရေး၊ တရားစီရင်ရေး၊ ဒုက္ခသည်စခန်းများ၊ စသည်) တွင်မှ အရင်းအမြစ်များကို ရင်းနှီးမြှုပ်နှံရန် ဆန္ဒမရှိခြင်းကြောင့် ဖြစ်နိုင်သည်။ ရှေ့ပြေးစီမံကိန်းက 'တစ်ခုမရှိပါက နောက်တစ်ခုအား မရရှိနိုင်'ကြောင်းကို ခိုင်လုံစေခဲ့သည် - အကာအကွယ်ပေးခြင်းမရှိဘဲ ပါဝင်ခြင်းသည် အမျိုးသမီးများ၏ ပါဝင်ခြင်းကို အဟန့်အတားဖြစ်စေပြီး အမျိုးသမီးများ၏ ပါဝင်မှုမရှိခြင်းသည် အကာအကွယ်ပေးရေးဆိုင်ရာ တိုးတက်မှုကို ပျက်ပြားစေသည်။

**ကောက်ချက်များ-**

- APM များသည် ၎င်းတို့နှင့် ဆက်စပ်သည့် အမျိုးသမီးအဖွဲ့အစည်းများ၏ ပြင်ပစွမ်းဆောင်ရည်နှင့် လုပ်ငန်းဆောင်တာများကို အားဖြည့်ကူညီရန်အတွက် WPS ကို ကိုင်တွယ်ဖြေရှင်းရေးဆိုင်ရာ အဖွဲ့အစည်းအတွင်း စွမ်းဆောင်ရည်ကို ပိုမိုအားကောင်းစေရန် လိုအပ်ပါသည်။
- တရားဝင်မူဝါဒများသည် ပိုမိုထိရောက်မှုရှိသောကြောင့် အမျိုးသမီးများ၏ပါဝင်မှုနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သီးခြားလုပ်ဆောင်မှု အစီအစဉ်များ ရေးဆွဲခြင်းအပါအဝင် ရှိရင်းစွဲ တရားဝင် မူဝါဒများကိုလည်း ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။
- တရားစီရင်ရေးနှင့် လုံခြုံရေးကဏ္ဍများအပါအဝင် အုပ်ချုပ်ရေး အဆင့်အားလုံးတွင် အသိပညာပေးခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်းများနှင့် လေ့ကျင့်သင်ကြားရေး အစီအစဉ်များ လုပ်ဆောင်ရန် လိုအပ်ပါသည်။
- ဆုံးဖြတ်ချက်ချမှတ်ရေးတွင် အမျိုးသမီးများ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်နိုင်စေရန် ပံ့ပိုးပေးသည့် စနစ်များရှိရန် လိုအပ်ပါသည်။
- ပူးပေါင်းပါဝင်ခြင်းနှင့် အကာအကွယ်ပေးခြင်းတို့အား တပြိုင်တည်း ဆောင်ရွက်သင့်သည်။

## 3.3 အကျိုးသက်ရောက်မှုဖြစ်ပေါ်စေသည့် အကြောင်းရင်း အချက်အလက်များနှင့် ပါဝင်ဆောင်ရွက်သူများ

သုတေသနမှ နောက်ထပ် အဓိက တွေ့ရှိချက်တစ်ခုမှာ APM များသည် ၎င်းတို့၏ ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ်များတွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုရှိစေသည့် ၎င်းတို့၏ နယ်မြေများရှိ အမျိုးသမီးအဖွဲ့အစည်းများနှင့် အဆက်မပြတ် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းပင်ဖြစ်သည်။ အမျိုးသမီးအဖွဲ့အစည်းများ၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာ လုပ်ဆောင်နေသော CSO များနှင့် ကျားမရေးရာကျွမ်းကျင်သူများသည် ကျားမတန်းတူညီမျှမှုကို မြှင့်တင်ရန်အတွက် အရေးကြီးသော စည်းရုံးလှုံ့ဆော်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လမ်းကြောင်းများအဖြစ် ဆောင်ရွက်ကြသည်။ အထူးသဖြင့် နိုင်ငံခြား သံရုံးများ ကဲ့သို့သော နိုင်ငံတကာ အလှူရှင်များနှင့် အာဆီယံ (အရှေ့တောင် အာရှနိုင်ငံများအသင်း) ကဲ့သို့သော ဒေသတွင်း ပါဝင်ဆောင်ရွက်သူများသည်လည်း သြဇာသက်ရောက်မှုရှိကြောင်း တွေ့ရှိရသည်။ ပြင်ပမှ ပါဝင်ဆောင်ရွက်ပေးသူများသည် စီမံကိန်းရန်ပုံငွေများ ထောက်ပံ့ခြင်း၊ အကောင်အထည်ဖော်ရန် ကြိုးပမ်းမှုများကို လွယ်ကူချောမွေ့စေရန် နည်းပညာအရင်းအမြစ်များကို ကူညီပံ့ပိုးပေးခြင်းနှင့် အာဏာပိုင်များအပေါ် ဖိအားပေး တိုက်တွန်းခြင်းတို့မှတဆင့် အမျိုးသမီးများ၏အခွင့်အရေးကို မြှင့်တင်နိုင်ကြသည်။

အမျိုးမျိုးသော APM များကို စုစည်းထားသော နိုင်ငံရေးလမ်းကြောင်းများတွင် ခေါင်းဆောင်များသည် အားလုံးပါဝင်မှုရှိသော ခေါင်းဆောင်မှုအပေါ် ကတိကဝတ် ထားရှိမှုကို ပြသလေ့ရှိကြောင်း သုတေသနလေ့လာချက်အရ တွေ့ရှိရသည်။ နောက်ဆုံးတွင်၊ ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တွင်ရှိသည့် အမျိုးသမီး၊ အမျိုးသား ခေါင်းဆောင်အားလုံး၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို မီးမောင်းထိုးပြခြင်းသည် ပိုလွန်သည်ဟူ၍မရှိပေ။ အမျိုးသားများ ကြီးစိုးသော ဖွဲ့စည်းတည်ဆောက်မှုရှိနေသည့်တိုင် အဖွဲ့အစည်းအတွင်း စည်းရုံးရေးလုပ်ငန်းများအတွက် အလားအလာရှိသော မဟာမိတ်များအဖြစ် အမြင်ကျယ်သော အမျိုးသား ခေါင်းဆောင်များ ရှိနေခြင်းသည် အလွန်အရေးပါသည်ကို တွေ့ရှိရသည်။ ဖြစ်စဉ်လေ့လာမှုနှစ်ခုအပေါ် ကြည့်ခြင်းအားဖြင့် WPS နှင့် လူငယ်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အစီအစဉ်များကို အလေးပေးစဉ်းစားနိုင်ခြေ ပိုများသော လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များအပေါ်တွင် မျှော်လင့်ချက် ပို၍မြင့်မားသည်ကိုတွေ့ရသည်။

နိဂုံးချုပ်အနေဖြင့် လေ့လာတွေ့ရှိချက်များကို အခြေခံ၍ ယခုအချိန်ကဲ့သို့သော ပဋိပက္ခကာလအတွင်းတွင် အဖွဲ့အစည်းအတွင်းမှ ပါဝင်ဆောင်ရွက်သူများအား ပံ့ပိုးကူညီမှု သို့မဟုတ် စွမ်းဆောင်ရည်မြှင့်တင်ရေး ကြိုးပမ်းအားထုတ်မှုမှန်သမျှသည် လာမည့်အနာဂတ် ဆွေးနွေးပွဲများ၊ စေ့စပ်ညှိနှိုင်းရေးနှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်မှုကဲ့သို့သော ရလဒ်ကောင်းများ ရရှိလာနိုင်ပြီး ပိုမိုပါဝင်ခွင့်ရရှိသည့် လုပ်ငန်းစဉ်များသာမက၊ အဆုံးသတ်တွင် ပိုမိုပါဝင်ခွင့် ရရှိသည့် လူ့အဖွဲ့အစည်းဆီသို့ လမ်းခင်းပေးခြင်းပင်ဖြစ်သည်ဟု မျှော်လင့်နိုင်သည်။ သို့သော်လည်း အမျိုးသမီးများ၏ အပြည့်အဝပါဝင်မှုနှင့် အကာအကွယ်ရရှိရေး လုပ်ငန်းစဉ်သည် တဖြည်းဖြည်းချင်း ဆောင်ရွက်ရမည့် အရာဖြစ်သည်ကို သတိပြုသင့်သည်- အမျိုးသမီးများသည် အစပိုင်းတွင် လေ့လာသူအဖြစ်သာ ပါဝင်သော်ငြားလည်း ထိုသို့ပါဝင်ခြင်းအားဖြင့် မိမိတို့ကိုယ်တိုင် မည်သို့လုပ်ဆောင်ရမည်ကို လေ့လာကြည့်ရှုနိုင်သည်။

**ကောက်ချက်များ-**

- အကျိုးသက်ရောက်မှုဖြစ်စေသည့် အကြောင်းရင်း အချက်အလက်များနှင့် လုပ်ကိုင်ဆောင်ရွက်သူများသည် အဖွဲ့အစည်းအတွင်းနှင့် အဖွဲ့အစည်းပြင်ပ နှစ်မျိုးလုံး ဖြစ်နိုင်ပြီး ထိုထဲတွင် တိုးတက်ရေးခေါင်းဆောင်များ၊ လူငယ်လှုပ်ရှားမှုများ၊ အမျိုးသမီးရေးရာ အဖွဲ့အစည်းများနှင့် အလှူရှင်များ ပါဝင်သည်။
- အမျိုးသမီးအခွင့်အရေးနှင့် အားလုံးတန်းတူပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှစ်ခုစလုံးအတွက် ရေရှည်ရင်းနှီးမြုပ်နှံမှု၏ အစပျိုးမှုအဖြစ် အဖွဲ့အစည်းအတွင်း စွမ်းဆောင်ရည် တည်ဆောက်ရန် လိုအပ်ပါသည်။



# 4. နိုင်ငံတကာ CSOများ၊ အလှူရှင်များနှင့် မူဝါဒရေးဆွဲသူများအတွက် အကြံပြုချက်များ

- **ဒေသခံ CSO များနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ပြီး ပံ့ပိုးကူညီပါ။** ဒေသတွင်းရှိ CSO များ အထူးသဖြင့် အမျိုးသမီးရေးရာ အဖွဲ့အစည်းများသည် WPS အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ကျားမရေးရာနှင့် WPS အစီအစဉ်နှင့်ပတ်သက်သည့် မည်သည့် ကိစ္စရပ်အတွက်မဆို ဒေသတွင်းရှိ CSO များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ဆက်လက်ပံ့ပိုးကူညီခြင်းသည် ထိရောက်ပြီး ရေရှည်တည်တံ့သော လုပ်ငန်းစဉ်အတွက် အရေးကြီးပါသည်။
- **ဆွေးနွေးတိုင်ပင်မှုများတွင် အမျိုးသား အမျိုးသမီး ခေါင်းဆောင် နှစ်မျိုးလုံးနှင့် ထိတွေ့ဆက်ဆံပါ။** အမျိုးသမီးများ၏ပါဝင်မှုနှင့် အကာအကွယ်ပေးရေး မြှင့်တင်ဆောင်ရွက်မှုများအတွက် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက်လုပ်ဆောင်ရမည့် အဆင့်များနှင့် ပက်သက်၍ အားလုံးပါဝင်နိုင်သည့် ဆွေးနွေးပွဲများကျင်းပခြင်းအားဖြင့် ပြင်ပမှ ပါဝင်ဆောင်ရွက်သူများသည် APM ခေါင်းဆောင်များအား မူဝါဒရေးရာနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အဆင့်နှစ်ရပ်စလုံးတွင် ၎င်းတို့၏လုပ်ငန်းကို တိုးချဲ့ရန်အတွက် တိုက်တွန်းကူညီနိုင်ပါသည်။ ထိုကဲ့သို့သော လမ်းကြောင်းများသည် APM ခေါင်းဆောင်များအား WPS စံနှုန်းများအား – ကျင့်ဝတ်အရနှင့် မဟာဗျူဟာအရ – အဖွဲ့အစည်းအတွင်း လက်ခံကျင့်သုံးနိုင်စေရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်ခြင်းကြောင့် တိုးမြင့်လာသည့် တန်ဖိုးကို အသိအမှတ်ပြုနိုင်စေရန် အထောက်အကူဖြစ်စေသည်။
- **အမျိုးသမီးအတွက်သာမက အမျိုးသားများအတွက်ပါ စွမ်းဆောင်ရည်မြှင့်တင်ပါ။** အမျိုးသားများအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးအား ပံ့ပိုးကူညီမှုသည် ၎င်းတို့အား အားလုံးပါဝင်နိုင်ရေးနှင့် အကာအကွယ်ပေးရေး လုပ်ငန်းများတွင် ပူးတွဲလုပ်ဆောင်သူများ ဖြစ်လာစေရန် အခွင့်အလမ်းပေးနိုင်ပြီး အမျိုးသမီးများအတွက် စွမ်းရည်မြှင့်တင်ရေး ကူညီပံ့ပိုးမှုသည် နိုင်ငံရေးဆွေးနွေးမှုများတွင် ပါဝင်ရန် ၎င်းတို့၏ ယုံကြည်မှုကို တိုးမြင့်လာစေနိုင်သည်။ အမျိုးသမီးများကိုသာ အဓိကထားပါက တာဝန်များသည် ၎င်းတို့အပေါ် လုံးလုံးလျားလျား သက်ရောက်မည်ဖြစ်ပြီး အမျိုးသားများ၏ ထိုကိစ္စရပ်အပေါ် တာဝန်ရှိမှုကို အဟန့်အတားဖြစ်စေနိုင်သည်။

- **စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းစဉ်များအတွက် နည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေးများ ပံ့ပိုးကူညီပါ။** ကျားမရေးရာကိစ္စရပ်များနှင့် WPS အစီအစဉ်တို့အတွက် APM များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းနှင့် - ထောက်ပံ့ပို့ဆောင်ရေးနည်းလမ်းများမှတဆင့်သော်လည်းကောင်း -ပြီးပြည့်စုံသော မူဝါဒများ ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး ယန္တရားများ ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီခြင်းတို့ဖြင့် ပြင်ပမှ ပါဝင်ဆောင်ရွက်သူများသည်၊ အထူးသဖြင့် အရင်းအမြစ်များရှားပါးနေသည့် အခြေအနေတွင် လုပ်ငန်းများ ရေရှည်တည်တံ့မှုအတွက် အရှိန်အဟုန်နှင့် အကူအညီများ ပေးနိုင်သည်။

- **APM များအတွင်းရှိ အမျိုးသမီးများအတွက် ပံ့ပိုးကူညီမှုစနစ်တစ်ရပ်ကို တည်ဆောက်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရန် အကူအညီပေးပါ။** ၎င်းတို့တွင် ကျားမရေးရာ ရန်ပုံငွေနှင့် ကိုယ်တိုင် ဦးစီးဦးဆောင်သော စီးပွားရေး စွမ်းဆောင်ရည် မြှင့်တင်မှု၊ APM နယ်မြေများရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ကျန်းမာရေးဝန်ဆောင်မှုများနှင့် တရားစီရင်ရေး အာမခံချက်ရရှိစေရန် ရည်ရွယ်သည့် ကူညီထောက်ပံ့ရေး စီမံကိန်းများနှင့် အမျိုးသမီးများအတွက် အားလုံးပါဝင်ရေးဆိုင်ရာ အတားအဆီးများကို ကျော်လွှားနိုင်ရန်အတွက် အတွေ့အကြုံနှင့် အသိပညာများ ရရှိစေရန် အချင်းချင်း အပြန်အလှန် လေ့လာသင်ယူခြင်း အစီအစဉ်များကို ပံ့ပိုးပေးခြင်းတို့ ပါဝင်နိုင်သည်။

- **ရပ်ရွာအသိုင်းအဝိုင်းအတွင်း အသိပညာပေး လုပ်ငန်းများနှင့် စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများကို လုပ်ဆောင်ပါ။** အသိပညာပေးလှုပ်ရှားမှုများနှင့် အပြုသဘောဆောင်သည့် ဖြစ်ရပ်များကို အသိပေး မြှင့်တင်ပေးခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ ကျောင်းသင်ရိုးညွှန်းတမ်းများမှတဆင့်ဖြစ်စေ သို့မဟုတ် မီဒီယာနှင့် အခြားပလက်ဖောင်းများမှတဆင့်ဖြစ်စေ လုပ်ဆောင်ခြင်းသည် အမျိုးသမီးများ၏ပါဝင်မှုနှင့် အကာအကွယ်ပေးမှုတို့ကို အကန့်အသတ်ဖြစ်စေသည့် ကျားမခွဲခြားဆက်ဆံမှုများကို ကိုင်တွယ်ဖြေရှင်းရန် အခြေခံကျသည့် နည်းလမ်းများဖြစ်သည်။

- **အပြန်အလှန် နှီးနှောဖလှယ်ရန်အတွက် လွပ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များ ရရှိရန် ဖန်တီးကူညီပါ။** အမျိုးသမီးများသည် တရားဝင်မဟုတ်သည့် အလွတ်သဘော နေရာများတွင် ပိုမိုအရေးပါသော ခေါင်းဆောင်မှု အခန်းကဏ္ဍမှ ပါဝင်လေ့ရှိသောကြောင့် အဆိုပါ နေရာများ ဖန်တီးရာတွင် တရားဝင်နှင့် အလွတ်သဘော ပါဝင်ဆောင်ရွက်သူများနှင့် ဖွဲ့စည်းပုံများကြားတွင် ဖန်တီးသင့်သည်။ ကိုယ်ပိုင်အတွေ့အကြုံများကို အခြေခံ၍ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အရေးများ မြှင့်တင်ရန်နည်းလမ်းများအပေါ် အကြံအဉာဏ် ပေးနိုင်မည့် လှုပ်ရှားမှုပြင်ပမှ ခေါင်းဆောင်အမျိုးသမီးများနှင့် တွေ့ဆုံနှီးနှောဖလှယ်ခြင်းသည် APM ခေါင်းဆောင်များအတွက် အကျိုးရှိနိုင်သည်။

- **မှတ်တမ်းတင်ရန် ပံ့ပိုးကူညီပြီး ပြန်လည်သုံးသပ်မှု ပြုလုပ်ရန် တိုက်တွန်းအားပေးပါ။** WPS အစီအစဉ်အား လုပ်ကိုင်ဆောင်ရွက်ရန်အတွက် APM များအတွင်း စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များ ရရှိနိုင်မှု အကန့်အသတ်ရှိသည့် အလျောက်၊ ပြင်ပ CSO များသည် အခြားဒေသ/နိုင်ငံများမှ လေ့လာသင်ယူခဲ့သော နှိုင်းယှဉ်လေ့လာမှု သင်ခန်းစာများဖြင့် ပံ့ပိုးကူညီနိုင်ပြီး WPS အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်မှုအား ပြန်လည်သုံးသပ်ရန်အတွက်၊ ပဋိပက္ခဖြစ်ပွားနေစဉ်အတွင်းပင် ၊ အလွတ်သဘောဖြင့် ဆွေးနွေးနိုင်မည့် နေရာများကို ကူညီပံ့ပိုးပေးနိုင်ပါသည်။

- **APM ဧရိယာများရှိ WPS** အစီအစဉ်ကို ကိုင်တွယ်ဆောင်ရွက်နေသည့် ရေရှည်စီမံကိန်းများကို ငွေကြေးထောက်ပံ့ပါ။ ကာလတို စီမံကိန်းများသည် APM များ သို့မဟုတ် ၎င်းတို့၏နယ်မြေများအတွင်း ယုံကြည်မှုတည်ဆောက်ရေးနှင့် ရေရှည်တည်တံ့သော ထိတွေ့ဆက်ဆံမှုများအတွက် အတားအဆီး ဖြစ်စေနိုင်သည်။ ဘဏ္ဍာငွေအား ပိုမိုလိုက်လျောညီထွေ ဖြစ်စေသော အစီအမံများမှတဆင့် ထိန်းညှိပေးသင့်ပြီး APM များနှင့် လုပ်ဆောင်နေသည့် CSOs နှင့် INGO များ အပါအဝင်-အကျိုးခံစားခွင့် ရှိသူများအား တင်းကြပ်သော ဘဏ္ဍာရေးစည်းမျဉ်းများ၏ ထိန်းချုပ်ခြင်းကို မခံရဘဲ ၎င်းတို့၏ လုပ်ငန်းများအား အလွတ်သဘော လွပ်လပ်စွာဆောင်ရွက်နိုင်စေရန် ခွင့်ပြုပေးသင့်သည်။ ထိုကဲ့သို့သော ပံ့ပိုးကူညီမှုများကို အမျိုးသမီးများနှင့် မိန်းကလေးများ၏ ကျန်းမာရေးနှင့် တရားစီရင်မှု လက်လှမ်းမီရရှိရေးတို့ အပါအဝင် APM များ၏ WPS နှင့်ကျားမရေးရာ ကိုယ်ပိုင်ဆောင်ရွက်ချက်များအထိ အတတ်နိုင်ဆုံး တိုးချဲ့ပံ့ပိုးနိုင်သည်။

- **APMများနှင့်အတူ WPS အတွက် ပူးပေါင်းဆောင်ရွက်လုပ်ဆောင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို ကူညီပံ့ပိုးပါ။** APM များ ကဲ့သို့သော ပါဝင်ဆောင်ရွက်သူများ၏ ထုတ်ပြန်ပြောဆိုချက်များ၊ မူဝါဒများနှင့် အုပ်ချုပ်မှုအလေ့အကျင့်များနှင့် ပတ်သက်၍ ပြင်ပအလှူရှင်များမှ ရန်ပုံငွေပံ့ပိုးထားသော သုတေသနလုပ်ငန်း စီမံကိန်းများကို ဒေသတွင်းနှင့် အဖွဲ့အစည်းအတွင်းမှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းလုပ်ဆောင်သင့်သည်။ ၎င်းတို့သည် လှုပ်ရှားမှုများအပေါ် ခိုင်မာသော စပ်ဆိုင်မှုနှင့် ကတိကဝတ်များ ထားရှိကြသောကြောင့် ပြင်ပမှ ပညာရှင်များက ခွဲခြမ်းစိတ်ဖြာခြင်းထက် ကြီးမားသော အကျိုးရောက်မှုရှိသည်။

- **ပြောသည့်အတိုင်းလုပ်ပါ။** APM များနှင့် ထိတွေ့ဆက်ဆံပြီး WPS အစီအစဉ်၏ ထုတ်ပြန်ချက်များကို မြှင့်တင်သည့်အခါ ဆက်သွယ်ရေးကို တသမတ်တည်းကျသည့် နည်းလမ်းဖြင့် လုပ်ဆောင်သင့်ပြီး နိုင်ငံတကာအေဂျင်စီများ၏ အမြင့်ဆုံးအဆင့်မှလာကာ ဖြစ်နိုင်လျှင် အမျိုးသားခေါင်းဆောင်များ ထည့်သွင်းပါဝင်ပါ။ ယင်းက အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အရေးများကို မြှင့်တင်ခြင်းနှင့် အကာအကွယ်ပေးခြင်းသည် အမျိုးသမီးများနှင့် အမျိုးသားနှစ်ဦးစလုံး၏ ပူးတွဲတာဝန်ဖြစ်ကြောင်း အလေးပေးဖော်ပြနိုင်မည်ဖြစ်သည်။

# ကိုးကားချက်များနှင့် ထပ်မံလေ့လာရန် စာရွက်စာတမ်းများ


Berghof Foundation (2020). “I Have to Speak” – Voices of Female Ex-Combatants from Aceh, Burundi, Mindanao and Nepal. Berlin: Berghof Foundation. https://berghof-foundation.org/library/i-have-to-speak-voices-of-female-ex-combatants-from-aceh-burundi-mindanao-and-nepal.

Bergold, J. and Thomas, S. (2012). Participatory Research Methods: A Methodological Approach in Motion. Historical Social Research, 37 (4), pp.191–222.

Cruz Almeida, C., Dudouet, V. and Cochrane-Buchmüller, V. (2022). Gender-Inclusive Conflict Transformation: Insights from Female Former Combatants and Women Associated with Resistance and Liberation Movements. Berlin: Berghof Foundation. https://berghof-foundation.org/library/gender-inclusive-conflict-transformation.

Fight for Humanity (2021). Women’s Rights in Times of Conflict: Perspectives of Women Leaders from Armed and Political Movements. Report from a webinar held on 19 November 2020. https://3848af19-2ed2-4045-b6ea-b721d748e98d.usrfiles.com/ugd/3848af_11ede0e740cf4e2285ad1f1f56239616.pdf.

Herbet, I., and Drevon, J. (2021). Engaging Armed Groups at the International Committee of the Red Cross: Challenges, Opportunities and COVID-19. International Review of the Red Cross, 102(915): 1021-1031. https://international-review.icrc.org/articles/engaging-armed-groups-at-icrc-challenges-opportunities-covid-19-915.

Hedström, J. & Phyo, Z. M. (2020). “Friendship and Intimacy in Research on Conflict: Implications for Feminist Ethics”, International Feminist Journal of Politics.

Kolås, Å. and Meitei, L. U. (2019). Women in Ethnic Armed Organizations in Myanmar: Numbers and Narratives, GPS Policy Brief, 1. Oslo: PRIO. Available at: www.prio.org/publications/11252.

Olivius, E., Hedström, J. and Phyo, Z. M. (2022). Women, Peace and Security in Myanmar after the 2021 Military Coup. Policy Brief. Umeå University. http://umu.diva-portal.org/smash/get/diva2:1633147/FULLTEXT01.pdf.

Olivius, E, Hedström, J & Phyo, Z. M. (2022). “Feminist Peace or State Co-optation? The Women, Peace and Security Agenda in Myanmar”, European Journal of Politics and Gender.

Phyo, Z. M. (2022). Observe and Act: The Role of Armed and Political Movements in the Implementation of the Women, Peace and Security Agenda in Myanmar. Berghof Foundation and Fight for Humanity. https://www.fightforhumanity.org/post/research-report-the-role-of-armed-political-movements-in-implementing-the-wps-agenda-in-myanmar

Phyo, Z. M. & Mi Sue Pwint. (2022). “I Will Fight Such Dictatorship until the End”: From Student Rebel to Feminist Activist, Mother and Peace Negotiator” in Hedström, J. & Olivius, E. (eds). *Waves of Upheaval: Political Transitions and Gendered Transformations in Myanmar*, Copenhagen: NIAS Press.

Women’s League of Burma (2021). Barriers at Every Turn: Gender-Based Violence Against Ethnic Women in Burma. www.womenofburma.org/sites/default/files/2022-01/Barriers%20at%20every%20turn%20-%20eng.pdf.

# Fight for Humanity နှင့် Berghof Foundation တို့၏အကြောင်း

**Fight for Humanity** သည် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအား ၎င်းတို့၏ ထိန်းချုပ်မှု သို့မဟုတ် ဩဇာလွှမ်းမိုးမှုရှိသော နယ်မြေများတွင် လူသားများ၏အခွင့်အရေးကို လေးစားလိုက်နာရန် လိုအပ်ကြောင်း စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်သည့် လွတ်လပ်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အဆိုပါအဖွဲ့အစည်းသည် အကြမ်းဖက်မှုနှင့် ပဋိပက္ခ ဖြစ်ပွားသည့် အခြေအနေများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ကာကွယ်တားဆီးရေး ကွာဟချက်များကို ဖြည့်စွက်ပေးရန် လုပ်ဆောင်နေသည်။ လက်ရှိတွင်၊ Fight for Humanity သည် ဆီးရီးယားနှင့် အီရတ်တို့တွင် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသော ဒေသများတွင် လူသားများ၏ အခွင့်အရေး ကာကွယ်ပေးရေး စီမံကိန်းများတွင် လုပ်ဆောင်နေသည်။ ၎င်းသည် မြန်မာနိုင်ငံ (Berghof Foundation နှင့်အတူ)၊ ကင်မရွန်းနှင့် ဆီနီဂေါနိုင်ငံရှိ မိတ်ဖက်များနှင့် အသေးစား ပူးပေါင်းစီမံကိန်းများတွင်လည်း ပါဝင်လုပ်ဆောင်လျက်ရှိသည်။

**Berghof** ဖောင်ဒေးရှင်းသည် ပဋိပက္ခဖြစ်ပွားရာ ဒေသရှိလူများအား ပဋိပက္ခအား အသွင်ပြောင်းလဲခြင်းမှတစ်ဆင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းရာတွင် ပံ့ပိုးကူညီပေးနေသည့် လွတ်လပ်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ Berghof ဖောင်ဒေးရှင်းသည် ၂၀၀၅ ခုနှစ်မှ စတင်ကာ ကမ္ဘာတစ်ဝှမ်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် ထိတွေ့ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး ၎င်းတို့၏ (လက်ရှိနှင့် ယခင်) အဖွဲ့ဝင်များနှင့်အတူ စစ်ပွဲမှ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ နိုင်ငံရေးဆီသို့ အသွင်ကူးပြောင်းမှုများကို အားပေးရန်အတွက် အထောက်အကူဖြစ်စေမည့် ပူးပေါင်းပါဝင် လုပ်ဆောင်သည့် သုတေသနလုပ်ငန်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးကူညီထောက်ပံ့မှုများပေးရန် များပြားသော အတွေ့အကြုံနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတို့ကို တည်ဆောက်ခဲ့သည်။ အမျိုးသမီး စစ်သည်များနှင့် လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်နေသော အမျိုးသမီးများကို အဓိကထားပြီး အားလုံးပါဝင်နိုင်သော စေ့စပ်ညှိနှိုင်းမှု၊ နိုင်ငံရေးတွင် ပါဝင်မှုနှင့် စစ်ပြီးကာလ ရပ်ရွာအသိုင်းအဝိုင်းအတွင်း ခေါင်းဆောင်မှုတို့ကို ပံ့ပိုးကူညီရန်အတွက် ကျားမရေးရာ အထူးပြု သင်ရိုးညွှန်းတမ်းကိုလည်း ရေးဆွဲထားသည်။

Berghof Foundation

Fight for Humanity

**Berghof Foundation**
**Operations gGmbH**
Lindenstraße 34
10969 Berlin
Germany
info@berghof-foundation.org
www.berghof-foundation.org
Twitter: @BerghofFnd
Facebook: BerghofFoundation

**Fight for Humanity**
150 route de Ferney
1211 Geneva 2
Switzerland
info@fightforhumanity.org
www.fightforhumanity.org
Twitter: @FfH_Geneva
Facebook: FFH.Geneva